# ငွေတောင်းခံစာများ ပေးချေခြင်း

**မိမိ၏ငွေကြေး စီမံဆောင်ရွက်မှု အချက်အလက်စာရွက်**



## ငွေတောင်းခံစာဆိုတာဘာလဲ?

ငွေတောင်းခံစာဆိုသည်မှာ တစ်ခုခု- ဥပမာ- ရေ၊ ဓါတ်ငွေ့၊ လျှပ်စစ်ဓါတ်အား၊ အိမ်ဖုန်း၊ မိုဘိုင်းဖုန်းနှင့် အင်တာနက် သုံးသည့် စရိတ်ဖြစ်ပါသည်။ သင်သုံးထားသည့် ဝန်ဆောင်မှု တစ်ခုစီအတွက် ငွေတောင်းခံစာ တစ်ခုစီ ရရှိပါလိမ့်မည်။

## ဘယ်လိုဟာမျိုးတွေအတွက် ကျွန်ုပ်ငွေတောင်းခံစာရမှာလဲ?

ရေ၊ လျှပ်စစ်ဓါတ်အား၊ အိမ်ဖုန်း၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်တို့အတွက် ငွေတောင်းခံစာရရှိပါမည်။

## ဒီငွေတောင်းခံစာတွေကို ဘယ်လို ပေးချေရမလဲ?

ငွေတောင်းခံစာများကို နည်းမျိုးစုံဖြင့် ပေးဆပ်နိုင်သည်။ သင့်ငွေတောင်းခံစာမှာ ယင်းကိုရှင်းပြထားသည်။ ဥပမာ- သင့်ဘဏ်စာရင်းကိုသုံးပြီး တယ်လီဖုန်းပေါ်မှ သို့မဟုတ် အင်တာနက်မှ ပေးနိုင်ပါသည်။ သင်ကိုယ်တိုင် စာတိုက်တစ်ခုတွင်ပေးသွင်းခြင်း သို့မဟုတ် ချက်လက်မှတ် သို့မဟုတ် ငွေပေးလွှာဖြင့် စာတိုက်မှပို့ပေးခြင်း ပြုနိုင်ပါသည်။ စင်တာလင့်မှ ထောက်ပံ့ငွေ ခံစားနေရလျှင် စင်တာပေးဟုခေါ်သော အခမဲ့ဝန်ဆောင်မှုကို သုံးနိုင်ပါသည်။ သင့်ငွေကြေး ဝန်ဆောင်မှု လုပ်ပေးနေသည့်ဌာနတွင် တိုက်ရိုက်ငွေပေးမှု ဝန်ဆောင်မှုကိုလည်း သုံးနိုင်ပါသည်။

## ငွေတောင်းခံစာတစ်ခုကို ပေးချေရန် မတတ်နိုင်လျှင် ဘာဖြစ်မလဲ?

- တတ်နိုင်သမျှ အစောဆုံး ထိုကုမ္ပဏီကို ခေါ်ပါ။
- ငွေကြေးဆိုင်ရာ အကြံပေးသူထံမှ အခမဲ့အကူအညီ ရနိုင်ပါသည်။
- ပြဿနာကို လစ်လျူမရှုပါနှင့်။

## သတိပြုပါ –

- ငွေတောင်းခံစာဆိုသည်မှာ တစ်ခုခု- ဥပမာ- ရေ၊ ဓါတ်ငွေ့၊ လျှပ်စစ်ဓါတ်အား၊ အိမ်ဖုန်း၊ မိုဘိုင်းဖုန်းနှင့် အင်တာနက် သုံးသည့် စရိတ်ဖြစ်ပါသည်။
- လူတိုင်းမှာ ငွေတောင်းခံစာများ ပေးရန်ရှိကြပါသည်။

## အချက်အလက် နောက်ထပ်ရနိုင်သောနေရာများ

ငွေတောင်းခံစာပေးချေရန် အခက်အခဲများရှိလျှင် အကူအညီရရန် အခမဲ့ငွေကြေးဆိုင်ရာအကြံပေးသူကို ၁၈၀၀ ၀၀၇ ၀၀၇ တွင်ဆက်သွယ်ပါ။ သို့မဟုတ် ငွေတောင်းခံစာအပေါ် ၌ရေးထားသော သင့်ဝန်ဆောင်မှု ဌာန နံပါတ်ကို ဆက်သွယ်ပါ။

ငွေကြေးဆိုင်ရာအကြံပေးသူများနှင့် ပါတ်သက်၍ ပိုမိုသိလိုပါက၊ သို့မဟုတ် အွန်လိုင်းရသုံးမှန်းခြေ စီမံမှု လုပ်ကိုင်ရန် MoneySmart ကွန်ယက်ဝက်ဗ်ဆိုက် **www.moneysmart.gov.au** သို့မဟုတ် ၁၃၀၀ ၃၀၀ ၆၃၀ နံပါတ်ကို ဆက်သွယ်ပါ။

Telecommunications Industry Ombudsman နှင့် ပါတ်သက်၍ ပိုမိုသိလိုပါက **www.tio.com.au**, ဝက်ဗ်ဆိုက် သို့မဟုတ် ၁၈၀၀ ၀၆၂ ၀၅၈ ကို ဆက်သွယ်ပါ။

Energy Ombudsman နှင့် Water Ombudsman ဝန်ဆောင်မှုများအတွက် MoneySmart ကွန်ယက် ဝက်ဗ်ဆိုက် **www.moneysmart.gov.au**, ကိုဝင်ကြည့်ပြီး utility bills (ရေ၊ လျှပ်စစ်ဓါတ်အား၊ ဓါတ်ငွေ့ စသည်နှင့်ဆိုင်သော ငွေတောင်းစာများ) ကို ရှာကြည့်ပါ။

MONEYSMART

## အခမဲ့ ငွေကြေးရေးအကြံပေးသူထံမှအကူအညီရယူပါ။

ရီဒါနှင့် ဟီဘာတို့မှာ ငွေတောင်းခံစာများပေးချေရန် အခက်အခဲများရှိနေသည်။ ဘယ်တော့ ဘာတွေ ပေးချေရမည်ကို သူတို့မသိပါ။

သူတို့ဩစတြေးလျားရောက်ခါစက မြို့တော်ခန်းမတစ်ခု၌ အခြေချနေထိုင်သူများအတွက် လုပ်ကိုင်ပေးသူက အချက်အလက်များပြောကြားခဲ့ကြောင်း မှတ်မိပါသည်။ အခြေချနေထိုင်သူများအတွက် လုပ်ကိုင်ပေးသူက ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသူများမှတဆင့် အနီးဝန်းကျင်အတွင်း မည်သည့် အကူအညီများရနိုင်ကြောင်း သူတို့ကို ရှင်းပြခဲ့သည်။ သူတို့ကို အခမဲ့ငွေကြေးဆိုင်ရာ အကြံပေးသူထံမှ အကူအညီရနိုင်ကြောင်းလည်း ပြောပြခဲ့ပါသည်။

ရီဒါနှင့် ဟီဘာတို့သည် ဝန်ဆောင်မှုပေးသူများကိုခေါ်ပြီး သူတို့၏ပြဿနာများကို ရှင်းပြခြင်း သို့မဟုတ် အခမဲ့ငွေကြေးဆိုင်ရာအကြံပေးသူထံမှ အကူအညီယူခြင်းတို့ကို လုပ်နိုင်ပါသည်။ ဖုံးပေါ်မှနေ၍ ဝန်ဆောင်သူတစ်ဦးစီကို ဘာပြောရမည်၊ ဘယ်လိုမေးခွန်းမေးရမည်၊ စသည်ကိုမသိသောကြောင့် သူတို့က ငွေကြေးဆိုင်ရာအကြံပေးသူထံမှ အကူအညီယူရန် ဆုံးဖြတ်လိုက်ပါသည်။

ငွေကြေးဆိုင်ရာအကြံပေးသူ၏ နာမည်မှာ မေရီဖြစ်ပြီး၊ ငွေကြေးဆိုင်ရာအကြံပေးသူများ ဘာလုပ်ကြောင်းနှင့် ဘယ်သို့ကူညီနိုင်ကြောင်းကို ရှင်းပြပါသည်။ သူတို့၏ လုပ်ဆောင်မှုတစ်ခုမှာ လူအများ ရသုံးငွေစာရင်း ဘယ်သို့ဆွဲကြမည် သို့မဟုတ် ကိုယ်ကပေးရမည့်ငွေကို ဘယ်လိုဆပ်ရန် စီစဉ်မည်တို့ကို ကူညီပြသပေးပါသည်။ မေရီနှင့် စကားပြောပြီးသည့်နောက် ရီဒါနှင့်ဟီဘာတို့မှာ အတော်ပင် စိတ်သက်သာသွားပါသည်။

မေရီက သက်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ပေးသည့်ဌာနကို ဆက်သွယ်ပြီး ရီဒါနှင့် ဟီဘာတို့ ရသုံးမှန်းခြေနှင့် ကိုက်မည့် ပေးဆပ်မှုပြုနိုင်ရန် စီစဉ်ပေးခြင်းဖြင့် သူတို့ကို ကူညီပါသည်။ နောက်နေ့၌ မေရီက ရီဒါနှင့် ဟီဘာတို့ကို ဖုန်းခေါ်ပြီး သူမဘာလုပ်ပြီး ပြီဆိုသည့်အကြောင်းနှင့် ငွေတောင်းခံစာများ ဘယ်နေ့အတွင်း ပေးရန်များနှင့် တစ်ခုစီအတွက် မည်မျှပေးရမည်တို့ကို ရေးချခိုင်းပါသည်။ ပြက္ခဒိန်တစ်ခုပေါ်တွင် ဘယ်နေ့တွင် ဘယ်ဟာပေးရမည်ကို ရေးမှတ်ထားရန် သူမက အကြံပေးပါသည်။

ရီဒါနှင့် ဟီဘာတို့က မေရီ ကူညီပေးသည်ကို ကျေးဇူးတင်ကြသည်။ ဖုန်းပြောပြီးသည့်နောက် ပြက္ခဒိန်ပေါ်၌ ဘယ်ငွေတောင်းခံလွှာ ဘယ်တော့နှင့် ဘယ်မျှပေးရမည်ကို ရေးသားကြပါသည်။

© ASIC 2012 all rights reserved

This page has been left intentionally blank.

© ASIC 2012 all rights reserved